**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

အဋ္ဌမနေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၄.၆၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ၁၄-၂-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ပြည်ပခရီးစဉ်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ အမျိုးသား အဆင့် နိုင်ငံရေးဆွေးနွေးပွဲ။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာ မျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ သတင်းအချက်အလက်နှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ အစည်းအဝေး။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးညီညီထွေး(ခ) ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးစိုးသိန်း၊ ကယား ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်း အစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဗိုလ်မှူးဇဝန၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးနေမျိုးကျော်၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဗိုလ်မှူးမောင်မောင်ငြိမ်း၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဗိုလ်မှူးဇော်ထွန်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးစိုင်းပန်ဖ၊ ကယား ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေး။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်း အတိုင်း။ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဆေးရုံတက်ရောက်ကုသ။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေးနဲ့ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျုံပျော်မြို့တွင် ဗိုလ်ချုပ်ကြေးရုပ် ဖွင့်ပွဲအခမ်းအနား တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း(၃)ဦးနဲ့ ယနေ့ခွင့်ပန်ကြားသူ (၃၁)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၅)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၏ သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်သော မြောက်ဦးမြို့ကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး စီမံကိန်းအဖြစ် သင့်လျော်သောနေရာတွင် တိုးချဲ့မြို့သစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က ရခိုင်ပြည်နယ်၏ သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်သော မြောက်ဦးမြို့ကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် သင့်လျော်သောနေရာတွင် တိုးချဲ့မြို့သစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးထားတဲ့ မေးခွန်းနဲ့ပတ်သက်လို့ အကျိုးအကြောင်းကို ဆွေးနွေးတင်ပြပေးပါမယ်။ မြောက်ဦးမြို့ကို ရပ်ကွက်(၇)ခု၊ ကျေးရွာအုပ်စု(၉၄)အုပ်စု၊ ကျေးရွာပေါင်း(၂၄၈)ရွာနဲ့ ဖွဲ့စည်းထားပါတယ်။

လက်ရှိ မြောက်ဦးမြို့ဟာ သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေအတွင်းမှာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနဲ့ လူနေထိုင်မှုတို့ ရောထွေးလျက်ရှိပါတယ်။ ဒါ့အပြင် အာဏာရှင်အစိုးရလက်ထက်က ဟိုတယ်အချို့ကို နန်းရာကုန်းနှင့် သျှစ်သောင်းပုထိုးတော်ကြားမှာ ဆောက်လုပ်ခွင့်ပေးခဲ့ပါတယ်။ ရှေးဟောင်းအဆောက်အဦများကြားမှာ ခေတ်သစ်အဆောက်အဦများက ရောထွေးနေရာယူထားပါတယ်။ အရိုးကို အရွက်ဖုံးသလိုမျိုး ဖြစ်နေပါတယ်။ ရှေးဟောင်း

သုတေသနဦးစီးဌာနက ဥပဒေနှင့်အညီ ခွင့်ပြုလို့ရတဲ့ဇုန်နယ်မြေမှာသာ ဟိုတယ်များကို ဆောက်လုပ်ခွင့် ပြုသင့်ပါတယ်။

မြောက်ဦးမြို့ဟာ ခရိုင်မြို့တစ်မြို့ ဖြစ်လာတဲ့အတွက် ခရိုင်အဆင့် ဌာနဆိုင်ရာအဆောက်အဦ၊ ရုံး စသည်ဖြင့် ဆောက်လုပ်ဖို့နေရာတွေ လိုပါတယ်။ အဲဒီနေရာတွေ လိုလာတဲ့အခါမှာ နေရာ အခက်အခဲရှိလာပါတယ်။ လက်တွေ့မှာ မကြာသောကာလက မြို့တော်ခန်းမကို သျှစ်သောင်းဘုရားကွင်း ဥပစာမှာ ဆောက်လုပ်ဖို့ ကြိုးစားခဲ့ကြပါတယ်။ မြို့လူထုက သဘောမတူတဲ့အတွက် တခြားနေရာ ရှာကြရပါတယ်။ အဲဒီလိုပဲ ခရိုင်အဆင့် မိုးလုံလေလုံအားကစားရုံကိုလည်း ရှေးဟောင်းသုတေသန ဌာနက ခွင့်မပြုနိုင်တဲ့ကျုံးနေရာမှာ ဆောက်လုပ်ဖို့ ကြိုးစားခဲ့ကြပါတယ်။ မြို့လူထုအချို့ကလည်း လက်မခံနိုင်ပါဘူး။ ဒီလို နေရာရှာရတဲ့ကိစ္စတွေမှာ ကိုယ့်အချင်းချင်း ပဋိပက္ခတွေ ရှိလာကြတာကို တွေ့မြင်ကြရပါတယ်။

နောက်ထပ်လည်း ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်ဖို့ မြေနေရာလိုလာပါလိမ့်မယ်။ နှစ်စဉ်တိုးလာနေတဲ့ အိမ်ထောင်စုတွေ၊ နောက် ဝင်ငွေနည်းတဲ့ မိသားစုများ၊ ကျူးကျော်အိမ်ရာများ၊ ဝန်ထမ်းအိမ်ရာများအတွက် မြေလိုလာပါမယ်။ ဟိုတယ်အတွက်လည်း မြေနေရာသတ်မှတ်ပေးရပါမယ်။ ဒါတွေကို ဘယ်နေရာမှာ သတ်မှတ်ပေးကြမလဲ။ ဒီအခြေအနေတွေ အားလုံးဟာ တိုးချဲ့မြို့သစ် လိုအပ်နေပြီဆိုတာ ဖော်ပြနေခြင်းပဲ ဖြစ်ပါတယ်။ နောက်ပြီး မြောက်ဦးမြို့ကို ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဖြစ် ယူနက်စကို အသိအမှတ်ပြု စာရင်းဝင်ဖြစ်လာဖို့ အတွက် ကြိုတင်ပြင်ဆင်မှု စနေပြီလို့လည်း သိရပါတယ်။ ဒါကြောင့် တိုးချဲ့မြို့သစ် တည်ဆောက်ပေးခြင်း ဟာလည်း ဒါကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်သော မြောက်ဦးမြို့ကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် သင့်လျော်သောနေရာမှာ တိုးချဲ့မြို့သစ်အဖြစ် တည်ဆောက်ဖော်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိကို မြို့လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာနဲ့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသော ရှောက်ကိုင်တံတားနှင့် ကွင်းဖန်းဟော်တံတားများကို အဆင့်မြှင့်တင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသော ရှောက်ကိုင်တံတားနှင့် ကွင်းဖန်းဟော်တံတားများကို အဆင့်မြှင့်တင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီးခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကိုးကန့် ဒေသရှိ အဓိကအသုံးပြုဆက်သွယ်သွားနေရသော ကျဉ်းမြောင်းပြီး အိုမင်းဟောင်းနွမ်းနေတဲ့ တံတား (၂)စင်းနှင့် ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ်အား အဓိက ဆက်သွယ်ထားတဲ့ ရှောက်ကိုင်တံတားနဲ့ ကုန်းကြမ်းမြို့နှင့် မော်ထိုက်တို့ အဓိက ဆက်သွယ်ထားတဲ့ ကွင်းဖန်ဟော်တံတားတို့သည် နှစ်ကာလအားဖြင့် ကြာမြင့်လာခြင်း၊ ကျဉ်းမြောင်းပြီး အဓိကအသုံးပြုနေရခြင်းတို့ကြောင့် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အထူးတင်ပြလိုပါတယ်။ ကိုးကန့်ဒေသတစ်ခုလုံး၏ ကုန်စည်စီးဆင်းမှုနှင့် ဆက်သွယ်သွားလာရေးတို့သာမက အခြားမဟာဗျူဟာကျလှသော အကြောင်းများကြောင့် အဆင့်မြှင့်တင်ပေးရန် လိုအပ်ကြောင်း ထပ်မံတင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ အဓိက အသုံးပြုသွားလာနေရသည့် လောက်ကိုင်မြို့နယ်၊ ကုန်းကြမ်းမြို့နယ်နှင့် မော်ထိုက်မြို့တို့ကို ဆက်သွယ်ထားသော ရှောက်ကိုင်တံတားနှင့် ကွင်းဖန်းဟော်တံတားတို့ကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်တို့ကြားတွင် ဆက်သွယ်ဖောက်လုပ်ထားသော ကားလမ်းအား ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်တို့ကြားတွင် ဆက်သွယ်ဖောက်လုပ်ထားသော ကားလမ်းအား ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးဇော့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး

မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်သည် တိုင်းနှင့်ပြည်နယ်(၁၄)ခုရှိ မြို့နယ်များအနက် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသော မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ယနေ့ထိ ကားလမ်းမပေါက်သေးသော မြို့ဟုပင် တင်စားခံခဲ့ရပါတယ်။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တို့သည် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ကားလမ်းအရှည် ကုန်းမိုင်အားဖြင့် (၄၅)မိုင်ရှိကာ မြို့နှစ်မြို့ကြား ဆက်သွယ်ဖောက်လုပ်ထားသော ကားလမ်းဖြစ်ပါတယ်။ ထို့မှတစ်ဆင့် စစ်တွေ-ရန်ကုန် အဝေးပြေးလမ်းမကြီးနှင့် ဆက်သွယ်လျက်ရှိပြီး ပြည်မသို့ တိုက်ရိုက်သွားလာနိုင်သောလမ်းလည်း ဖြစ်သည်နှင့်အညီ အလွန်အရေးကြီးသော လမ်းဖြစ်ပါတယ်။

ယခု ကျွန်တော်တင်ပြထားသော ကားလမ်းကို လွန်ခဲ့သော တပ်မတော်အစိုးရလက်ထက်ကတည်းက စတင်ဖောက်လုပ်သောလမ်းလည်း ဖြစ်ပါတယ်။ ယခုလို ကားလမ်းဖောက်လုပ်ပေးသည့်အတွက်လည်း နိုင်ငံတော်အစိုးရအား အထူးပင် ကျေးဇူးတင်ပါတယ်။ ယခုထိ မြေသားလမ်း ကားလမ်းသာဖြစ်၍ မိုးရာသီအချိန်တွင် ကားလမ်းများပြိုခြင်း၊ ရေများဝပ်ခြင်း စသည့်အခက်အခဲများ ရှိနေသေးပါတယ်။ ကားလမ်းဖောက်လုပ်ကာစ ယနေ့ထိ ပလက်ဝမြို့နယ်မှ ပြည်မသို့ သွားလိုပါက ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့သို့တစ်ဆင့် ရေလမ်းကိုအသုံးပြုပြီး အင်ဂျင်တပ်ရေယာဉ်များဖြင့် သွားလာရကာ အချိန်ကြာမြင့်ပြီး လိုရာခရီးသို့ အချိန်မှန် မရောက်နိုင်ခဲ့သည်ကို ဒေသခံပြည်သူများ ခံစားလျက်ရှိပါသည်။ အထက်ပါ တင်ပြထားသောကားလမ်းအား ရာသီမရွေးသွားလာနိုင်သော ကားလမ်းဖြစ်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးဖို့ တောင်းဆိုပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂(ဂ) တွင်လည်း နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးမည်ဟု အတိအလင်း ရေးထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်ကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်တို့ကြား ဆက်သွယ်ထားသော ကားလမ်းအား ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်တွင် ထည့်သွင်း ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မြေသားလမ်း၏ မြင်ကွင်းပုံ (၉)



ပလက်ဝ နှင့် မတူပီလမ်းခွဲ မြင်ကွင်းပုံ (၉-၁)



ပလက်ဝ-ကျောက်တော်ကားလမ်း သွားလာရေးခက်ခဲသောအချိန်တွင် ရေယာဉ်ဖြင့်သွားလာခြင်း မြင်ကွင်းပုံ (၉-၂)



**မြန်မာ - တရုတ် နယ်စပ်ကုန်သွယ်ရေး အဓိကလမ်းကြောင်းဖြစ်သော မန္တလေး - မူဆယ် ကားလမ်းမကြီး သည် လမ်းကြောင်းကြပ်ခြင်း၊ ဆိုးဆိုးဝါးဝါး လမ်းပိတ်ဆို့ခြင်းများ မကြာခဏ ဖြစ်ပွားနေခြင်းကြောင့် ယခုလမ်းထက် ခရီးမိုင်ပို၍ သက်သာတိုတောင်းပြီး စိတ်ချလုံခြုံ အန္တရာယ်ကင်းစွာ သွားလာအသုံးပြု နိုင်သောလမ်းကြောင်းအသစ်တစ်ခု ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး က မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး အဓိကလမ်းကြောင်းဖြစ်သော မန္တလေး-မူဆယ် ကားလမ်းမကြီး သည် လမ်းကြောင်းကြပ်ခြင်း၊ ဆိုးဆိုးဝါးဝါး လမ်းပိတ်ဆို့ခြင်းများ မကြာခဏ ဖြစ်ပွားနေခြင်းကြောင့် ယခုလမ်းထက် ခရီးမိုင်ပို၍ သက်သာတိုတောင်းပြီး စိတ်ချလုံခြုံ အန္တရာယ်ကင်းစွာ သွားလာအသုံးပြု နိုင်သော လမ်းကြောင်းအသစ်တစ်ခု ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မြန်မာ - တရုတ် နယ်စပ်ကုန်သွယ်ရေး အဓိကလမ်းကြောင်း ဖြစ်တဲ့ မန္တလေး - မူဆယ် ကားလမ်းမကြီးဟာ မကြာခဏ လမ်းပိတ်ဆို့မှုများ ဖြစ်ပွားနေတဲ့အတွက်

အခြားလမ်းကြောင်းအသစ်တစ်ခု ဖောက်လုပ်ရန်ကိစ္စနဲ့ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်ဟာ နိုင်ငံတော်မှ အခွန်ပိုမိုတိုးတက်ရရှိစေရန်နှင့် နိုင်ငံခြားကုန်သွယ်မှုပမာဏ ပိုမိုရရှိစေရန် အလေးထားဆောင်ရွက်နေတဲ့ကာလ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံနဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှနေ၍ အများဆုံး ကုန်သွယ်နေရပါတယ်။ မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးရဲ့ အဓိက ကုန်စည်သယ်ယူပို့ဆောင်ရာဖြစ်တဲ့ မန္တလေး-မူဆယ် ကားလမ်းမကြီးက မိုင်(၃၀၀)ခန့် ရှည်လျားပါတယ်။ ၂၀၁၀ ပြည့်နှစ်ကစပြီးတော့ နောက်ပိုင်းမှာ လမ်းကြောင်းကြပ်လာ ပြီးတော့ ၂၀၁၅ ခုနှစ်မှာတော့ ဆိုးဆိုးရွားရွား လမ်းပိတ်ဆို့မှုများ မကြာခဏ ဖြစ်ပွားလာပါတယ်။ အချို့လတွေမှာဆိုရင် လစဉ်လိုလိုကို လမ်းပိတ်ဆို့မှုတွေ အကြိမ်ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ အဲဒီလို ဖြစ်ပွားခဲ့ရင် ပိတ်ဆို့ကားတန်းကြီးက မိုင်ပေါင်းများစွာ ရှည်လျားပြီးတော့ ကားအစီးရေ ထောင်ချီပြီးတော့ရှိကာ တစ်ခါတစ်ရံ လမ်းခရီးမှာ (၄)၊ (၅) ရက်ခန့် ကြန့်ကြာနေတတ်ပါတယ်။ ထိုသို့ပိတ်ဆို့မှုများ ဖြစ်ပွားရခြင်းမှာ နယ်စပ်ကုန်စည်စီးဆင်းမှုပမာဏ တိုးတက်များပြားလာခြင်းနဲ့ လမ်းရဲ့အကျယ်အဝန်းက နေ့စဉ်ဖြတ်သန်းနေတဲ့ ကားအရေအတွက်နဲ့ မျှတမှုမရှိခြင်း၊ ကုန်စည်သယ်ယူပို့ဆောင်ရာတွင် ပိုမိုတွက်ခြေကိုက်စေရန်အတွက် (၂၂)ဘီးတွဲကားကြီးများကိုသာ များစွာအသုံးပြုနေကြခြင်းကြောင့် လမ်းသားများ ပိုမိုပျက်စီးလာခြင်း၊ ရှည်လျားကြီးမားလှတဲ့ ကုန်တွဲကားကြီးများ လမ်းကန့်လန့် ခံပျက်စီးခြင်း၊ တိမ်းမှောက်ခြင်း၊ စုပုံ တိုးဝှေ့လုယက် စည်းကမ်းမဲ့ မောင်းနှင်ကြခြင်းများကြောင့် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့ မကြာခဏ လမ်းပိတ်ဆို့မှုကြောင့် ကုန်စည်စီးဆင်းမှုနဲ့ ခရီးသွားပြည်သူများကို နှောင့်နှေးကြန့်ကြာခက်ခဲစေတဲ့အပြင် ပုပ်သိုးလွယ်သော ရေထွက်ကုန်ပစ္စည်းများနဲ့ သစ်သီးဝလံ၊ ပန်းမန်ကုန်စည်များ ပျက်စီးဆုံးရှုံးနစ်နာစေခြင်းများနဲ့အတူ တိုင်းပြည်ရဲ့ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းကြီးပေါ်တွင် များစွာထိခိုက်နစ်နာစေပါသဖြင့် ယခုအသုံးပြုနေသောလမ်းထက် ခရီးမိုင် ပို၍သက်သာတိုတောင်း ပိုကောင်းလုံခြုံစိတ်ချရတဲ့ အခြားလမ်းကြောင်းအသစ်တစ်ခု ဖောက်လုပ်ရန် လိုအပ်နေပါတယ်။ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှာ ပြည်ထောင်စုဆောက်လုပ်ရေးဝန်ကြီးနဲ့ တရုတ်သံအမတ်ကြီးတို့ တွေ့ဆုံရာမှာ မန္တလေး-မူဆယ် ကားလမ်းအူကြောင်းသစ်တစ်ခု ရှာဖွေဖို့ ဆွေးနွေးခဲ့ကြတယ်လို့ နိုင်ငံပိုင်သတင်းများမှာ ဖတ်ရှုရပါတယ်။ အရပ်ရပ်သတင်းများအရလည်း လမ်းအူကြောင်းအသစ်ဟာ မန္တလေး-မိုးကုတ်-မိုးမိတ်-မဘိန်းမှတစ်ဆင့် နမ့်ခမ်းမြို့အထိ ဖောက်လုပ်ဖွယ်ရှိတယ်လို့ မှန်းဆနေကြပါတယ်။ ထိုလမ်းကြောင်းသစ်ဟာ ခရီးမိုင်(၁၈၀)ခန့်သာရှိပြီးတော့ လက်ရှိမန္တလေး-မူဆယ် လမ်းကြောင်းထက် မိုင်(၁၀၀)ကျော် သက်သာသွားမှာဖြစ်ပါတယ်။


နမ့်ခမ်းနဲ့ မူဆယ်ကားလမ်းဟာ (၁၈)မိုင်ပဲရှိပြီးတော့ ဖောက်လုပ်ထားပြီးသားလည်း ဖြစ်ပါတယ်။ နမ့်ခမ်းနဲ့မျက်နှာချင်းဆိုင် တရုတ်ပြည်၊ လုံတောင်းမြို့အထိ (၆)လမ်းသွား ကားလမ်းမကြီးကို တရုတ်ပြည်ဘက်က ဖောက်လုပ်ပြီးစီးထားပြီလို့ ကြားသိရပါတယ်။ ထည့်သွင်း စဉ်းစားသင့်တဲ့ လမ်းကြောင်းတစ်ခုအနေနဲ့ တင်ပြခြင်းသာ ဖြစ်ပါတယ်။ ကိုယ့်အမျိုးသား အကျိုးစီးပွားကာကွယ်ရေးကိုသော်လည်းကောင်း၊ ကိုယ့်တိုင်းပြည်အတွက် ရရှိနိုင်မယ့် အကျိုးအမြတ် အခြေအနေများကိုလည်း

ကောင်း ထည့်သွင်းတွက်ချက်၍ အဖက်ဖက်က ချင့်ချိန်ညှိနှိုင်း စဉ်းစားလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မြန်မာ - တရုတ်နယ်စပ် ကုန်သွယ်ရေး အဓိကလမ်းကြောင်းဖြစ်သော မန္တလေး - မူဆယ် ကားလမ်းမကြီးသည် လမ်းကြောင်းကြပ်ခြင်း၊ ဆိုးဆိုးဝါးဝါး လမ်းပိတ်ဆို့ခြင်းများ မကြာခဏ ဖြစ်ပွားနေခြင်းကြောင့် (၁) လတ်တလောအနေဖြင့် လမ်းကြောင်း ချောင်လည်သက်သာအောင် မည်ကဲ့သို့ စီမံဆောင်ရွက်နေပါသလဲ။ (၂) ရေရှည်အနေဖြင့် ယခုလမ်းထက် ခရီးမိုင်ပို၍ သက်သာတိုတောင်းပြီးတော့ စိတ်ချလုံခြုံ အန္တရာယ်ကင်းစွာ သွားလာအသုံးပြုနိုင်မယ့် အခြားလမ်းကြောင်းအသစ်တစ်ခု ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။


လမ်းပိတ်ဆို့မှုကြောင့် ကားများပိတ်၍ စောင့်ဆိုင်းနေရသည့် မြင်ကွင်းပုံ (စျ)



လမ်းပိတ်ဆို့မှုကြောင့် ကြန့်ကြာနေသော ကားတန်းကြီး၏ မြင်ကွင်းပုံ (စျ-၁)



မန္တလေး-မူဆယ်ကားလမ်း၏ မြေပုံ (စျ-၂)




**ချင်းပြည်နယ်အလယ်ပိုင်း ရေဇွာမြို့မှ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့သို့ဆက်သွယ်သော ဂန့်ဂေါ - အိုက္ကား - ရေဇွာလမ်းအား ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်က ချင်းပြည်နယ်အလယ်ပိုင်း ရေဇွာမြို့မှ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့သို့ ဆက်သွယ်သော ဂန့်ဂေါ - အိုက္ကား - ရေဇွာလမ်းအား ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် အားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုရန် ကြိုတင်တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်အလယ်ပိုင်း ရေဇွာမြို့မှ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့သို့ ဆက်သွယ်သောလမ်းသည် စုစုပေါင်းအကွာအဝေး (၁၁၁)မိုင်ကွာဝေးပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်တွင် (၁၃)မိုင်ပါဝင်ပြီး ချင်းပြည်နယ်၊ မတူပီမြို့နယ်တွင် (၉၈)မိုင် ပါဝင်ပါတယ်။ သို့သော်လည်း အမှန်တကယ် ကတ္တရာလမ်းခင်းပေးမယ် ဆိုပါက ဟားခါး - မတူပီလမ်းခွဲမှတ်တိုင် (၇၃)မိုင် (၅)ဖာလုံမှ ဂန့်ဂေါမြို့အထိ (၆၅)မိုင် (၆)ဖာလုံ အထိသာ ကတ္တရာခင်းရန် လိုအပ်မယ်ဖြစ်ပါတယ်။ ဤလမ်းသည် ချင်းပြည်နယ်ရှိ မတူပီမြို့၊ ရေဇွာမြို့၊ လိုင်လင်းပီမြို့ အပါအဝင် ကျေးရွာပေါင်း(၄၀)ကျော်မှ ဒေသခံပြည်သူ(၄၀၀၀၀)ကျော် အကျိုးပြုမယ့်လမ်း ဖြစ်ပါတယ်။ ဒါ့အပြင် ဒီလမ်းဟာ မကွေးတိုင်းဒေသကြီးနဲ့ ချင်းပြည်နယ်တစ်ခုတည်းကိုသာ ဆက်သွယ်သောလမ်း သက်သက်မဟုတ်ဘဲ နောင်အနာဂတ် မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးလမ်း ဖြစ်လာစေရေးအတွက် ကြိုတင်မျှော်မှန်းပြီးမှ တင်ပြတာဖြစ်ပါတယ်။

ရေဇွာမြို့အထိ ကတ္တရာလမ်းခင်းပြီးပြီဆိုပါက ရေဇွာမြို့မှ အိန္ဒိယနယ်စပ်အထိ (၃၂)မိုင်ခန့် သာ ကွာဝေးသည့်အတွက် နှစ်နိုင်ငံကုန်သွယ်ရေးလမ်းအဖြစ် အလွန်အသုံးဝင်မယ့် လမ်းဖြစ်ပါတယ်။ ဂန့်ဂေါ-လိုတော-အိုက္ကား-ရှာတလိုင်း-ရေဇွာလမ်းသည် ၁၉၇၇ ခုနှစ်တွင် စတင်ဖောက်လုပ်ပြီးစီးခဲ့ပြီး ယခုဆိုလျှင် နှစ်ပေါင်း(၄၀)ကျော် ကြာမြင့်နေပြီဖြစ်ပါတယ်။ သို့သော်လည်း ယနေ့တိုင် ကတ္တရာလမ်း မဖြစ်သေးဘဲ မြေနီလမ်းအဖြစ်ဖြင့်သာ ဆက်လက်တည်ရှိနေတာကို ပရိဂျက်တာမှာမြင်တဲ့အတိုင်း ဖြစ်ပါတယ်။ နွေရာသီမှာဆိုရင် ဖုန်တွေ တထောင်းထောင်းထနေပါတယ်။ မိုးရာသီမှာဆိုလို့ရှိရင် ဗွက်တောထဲမှာပဲ ရုန်းကန်နေရဆဲ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ခရီးသွားမယ်ဆိုရင်လည်း တခြားဒေသကလူတွေလို စမတ်ကျကျ အဝတ်အစားကောင်းကောင်း မဝတ်ရဲဘဲ ဗွက်တောထဲမှာ လယ်ထွန်သွားမယ့်သူတွေလို အဝတ်စုတ်တွေကိုဝတ်ပြီးမှ ကားတွန်းဖို့၊ ကားဆွဲဖို့ ကြိုတင်ပြင်ဆင်ထား ပြီးမှ ခရီးသွားဖို့ ပြင်ဆင်နေရပါတယ်။ ဒီလမ်းဟာဆိုလို့ရှိရင် ကျွန်တော်မမွေးခင် ၁၉၇၀ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့တဲ့လမ်း ဖြစ်ပြီးတော့ နှစ်ပေါင်း(၄၀)ကျော်ကြာ မြေနီလမ်းအဖြစ်ဖြင့်သာ ယနေ့တိုင် တည်ရှိနေတဲ့အတွက် ဒေသခံပြည်သူများကလည်း အစိုးရသစ်လက်ထက်မှာ ကတ္တရာလမ်းခင်းပေး တော့မယ်ဟု မျှော်လင့်တောင့်တနေကြပါတယ်။ ချင်းပြည်နယ် အလယ်ပိုင်းနဲ့ ပြည်မကို အဓိက ဆက်သွယ်သောလမ်းလည်း ဖြစ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းချင်တာကတော့ ချင်း ပြည်နယ်အလယ်ပိုင်း ရေဇွာမြို့မှ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့သို့ ဆက်သွယ်သောလမ်းအား ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် ကတ္တရာခင်းပေးနိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ အကယ်၍ မခင်းပေးနိုင်ခဲ့ရင်လည်း မည်သည့်ဘဏ္ဍာရေးနှစ်တွင် ခင်းပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဂန့်ဂေါ- ဟားခါး- ရေဇွာလမ်းခွဲမှတ်တိုင်၏ မြင်ကွင်းပုံ (ည)




မိုးရာသီတွင် ဖြစ်ပေါ်နေသော လမ်း၏ မြင်ကွင်းပုံ (ည-၁)



ချင်းပြည်နယ်ကို ဆက်သွယ်ထားသော လမ်း၏ မြင်ကွင်းပုံ (ည-၂)



**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဦးဝင်းခိုင် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် မှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ် သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်တဲ့ မြောက်ဦးမြို့ကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး စီမံကိန်းအဖြစ် သင့်လျော်သောနေရာတွင် တိုးချဲ့မြို့သစ် ဖော်ဆောင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာတဲ့ဖြေကြားချက်ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့ဟာ ဆိုရင် ရခိုင်ပြည်နယ်ရဲ့ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ကြီးဖြစ်ပြီးတော့ ၎င်းမြို့အား စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့ပြဖွံ့ဖြိုးရေးအဖွဲ့အစည်းတည်ဆောက်မှု စီမံကိန်းပုံစံကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၅ ခုနှစ်၊ မတ်လ အတွင်းတွင် လွှတ်တော်ကိုယ်စား

လှယ်များ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပြီးတော့ မြောက်ဦးမြို့ရဲ့ မြို့ပြဖွံ့ဖြိုးရေးဖွဲ့စည်းတည်ဆောက်မှု အဆိုပြုပုံစံကို နှစ်ရှည်မျှော်မှန်း၍ ရေးဆွဲခဲ့ပြီးတော့ နှစ်တို၊ နှစ်ရှည် ဆောင်ရွက်ရမယ့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ မြောက်ဦးမြို့ မြို့ပြဖွံ့ဖြိုးမှု ဖွဲ့စည်းတည်ဆောက်မှုစနစ် အဆင့်ဆင့်ဟာဆိုရင် ကနဦး (Conceptual Plan) စီမံချက်အဆင့်ခွဲမှာရှိပြီးတော့ ရခိုင်ပြည်နယ်အစိုးရမှ သက်ဆိုင်ရာဒေသအဖွဲ့များဖြင့် ညှိနှိုင်းပြီးတော့ ဆက်လက်ဆောင်ရွက်သွားရမယ့် အားနည်းချက်တွေ၊ အားသာချက်တွေကို အကောင်အထည်ဖော်ပြီး ပြင်ဆင်သွားရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်သော မြောက်ဦးမြို့အတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်ရှိကြောင်းနှင့် အဲဒီအစီအစဉ်အရ ရေတို၊ ရေရှည် စီမံချက်များ ချမှတ် ဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကိုယ်စား ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် မှ မေးမြန်းထားတဲ့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ စံချိန်စံညွှန်းနှင့် ကိုက်ညီမှု မရှိသော ရှောက်ကိုင်တံတားနှင့် ကွင်းဖန်းဟော်တံတားများကို အဆင့်မြှင့်တင် ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ရှောက်ကိုင်တံတားနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မြောက်ပိုင်း၊ လောက်ကိုင်ခရိုင်မှာရှိတဲ့ ပြည်နယ်အစိုးရမှနေပြီးတော့ စီမံခန့်ခွဲတဲ့လမ်းဖြစ်တဲ့ လောက်ကိုင်-ကုန်းကြမ်းလမ်း မိုင်(၃၂/၇-၃၃/၀)ကြားမှာရှိတဲ့ ရှောက်ကိုင်တံတား၊ တံတားအမှတ် (၅/၃၃) တည်ရှိပါတယ်။ တံတားအမျိုးအစားကတော့ တစ်လမ်းသွား ကျောက်စီဂိုးတံတား (၁၀၅)ပေအရှည် ခံနိုင်ဝန်(၁၆)တန်ရှိတဲ့ တံတားဖြစ်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တည်ဆောက်ခဲ့ခြင်းမဟုတ်ဘဲ ၁၉၈၈ ခုနှစ် မတိုင်မီကတည်းက ဒေသဖွံ့ဖြိုးရေးအစီအစဉ်နဲ့ တည်ဆောက်ခဲ့တဲ့ တံတား ဖြစ်ပါတယ်။ ရှောက်ကိုင်တံတားအား နှစ်လမ်းသွား သံကူကွန်ကရစ်တံတား ပေ(၁၂၀)၊ (၂၄)ပေအကျယ် တည်ဆောက်ရန်နဲ့ ချဉ်းကပ်တံတား တာဘောင်ဖို့ခြင်း လုပ်ငန်းများကို ဆောက်ရွက်နိုင်ဖို့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကနေပြီးတော့ ကျပ် (၃၉၅)သန်းအား တင်ပြတောင်းခံထားပြီးတော့ ရန်ပုံငွေရရှိပါက လုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကွင်းဖန်းဟော်တံတားနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်တဲ့ ကုန်းကြမ်း-ဆိုကန်-မော်ထိုက် လမ်းမိုင်(၂၇/၇ နဲ့ ၂၈/၀)မှာရှိတဲ့ ကွင်းဖန်းဟော်တံတား၊ တံတားအမှတ်(၆/၂၈) ဖြစ်ပါတယ်။ တံတားအမျိုးအစားဟာဆိုရင် တစ်လမ်းသွား ကျောက်စီဂိုးတံတား ပေ(၄၀)အရှည်၊ ခံနိုင်ဝန်(၁၆)တန်ရှိတဲ့ တံတားဖြစ်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တည်ဆောက်ခဲ့ခြင်း မဟုတ်ဘဲနဲ့ ၁၉၈၈ ခုနှစ် မတိုင်မီကတည်းက ဒေသဖွံ့ဖြိုးရေးအစီအစဉ်နဲ့ တည်ဆောက်ခဲ့တဲ့ တံတား ဖြစ်ပါတယ်။ လတ်တလော နယ်မြေလုံခြုံရေးအခြေအနေအရ လုပ်ငန်းများ ဝင်ရောက်ဆောင်ရွက်

နိုင်ခြင်း မရှိသေးပါဘူး။ နယ်မြေလုံခြုံရေးအခြေအနေ ကောင်းမွန်ပါက နောင်လာမယ့်ဘဏ္ဍာနှစ်များမှာ တံတားအဆင့် မြှင့်တင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေတွင် လျာထား တင်ပြတောင်းခံ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေ့တင်း မှ မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်သို့ ဆက်သွယ်ဖောက်လုပ်ထားတဲ့ကားလမ်းအား ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းနဲ့ ပတ်သက်ပြီးတော့ ဒီမေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်သို့ ဆက်သွယ် ဖောက်လုပ်ထားတဲ့ ကျောက်တော်-ပလက်ဝလမ်းဟာဆိုရင် ပြည်ထောင်စုအစိုးရအဖွဲ့က စီမံခန့်ခွဲသော လမ်းဖြစ်ပါတယ်။ ကျောက်တော်-ပလက်ဝလမ်းဟာဆိုရင် ရခိုင်ပြည်နယ်အပိုင်းမှာ မိုင်တိုင်(၀/၀) ကနေ ပြီးတော့ မိုင်တိုင်(၂၀)အထိ မိုင်(၂၀)၊ ချင်းပြည်နယ်အပိုင်းမှာ (၁၃)မိုင်၊ (၅)ဖာလုံ စုစုပေါင်း(၃၃)မိုင်၊ (၅)ဖာလုံ ရှည်လျားတဲ့လမ်း ဖြစ်ပါတယ်။ ကျောက်တော်-ပလက်ဝလမ်း၊ ရခိုင်ပြည်နယ်အပိုင်း မိုင်(၂၀) အရှည် ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ပြည်ထောင်စု ပြည်နယ်ရန်ပုံငွေကျပ် (၃၀၇.၈၂၆)သန်းနဲ့ မိုးရာသီအတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော ကျောက်လမ်းများအား ခွဲကျောက်ဖြည့်တင်း ခြင်း (၅)မိုင်၊ လမ်းပေါက်များအား ခွဲကျောက်ဖြင့်ဖာထေးခြင်း (၅)မိုင် (၃)ဖာလုံ၊ မြေထိန်းနံရံပြုလုပ်ခြင်း (၁)ခု၊ မိုင်တိုင်(၁၁)ကနေ (၁၉)အတွင်းမှာရှိတဲ့ တောင်ပြိုမြေဖယ်ရှားခြင်း၊ မိုင်တိုင်(၁၈)ကနေပြီးတော့ (၁၈/၇)အတွင်းမှာရှိတဲ့ (၃၄)ပေအကျယ် လမ်းတာဖို့ခြင်းနဲ့ ကျောက်ခင်းခြင်း၊ မိုင်တိုင်(၄/၄)ကနေပြီး တော့ (၁၈/၆)အတွင်းမှာရှိတဲ့ တံတားဘေးအကာပျက်စီးမှု (၄)နေရာအား ပြုပြင်ခြင်း စတဲ့လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ရန် ကျန်ရှိတဲ့အပိုင်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ကတ္တရာလမ်း(၁)မိုင်နဲ့ အမာခံလမ်း (၂)ဖာလုံ၊ ရေထုတ်ပြွန်(၄)စင်း စတဲ့လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျောက်တော်-ပလက်ဝလမ်းပေါ်မှာရှိတဲ့ တံတားများမှာဆိုရင် တင်းမတံတား၊ ပြိုင်းတန်းတံတား၊ မိချောင်းတက်တံတား၊ ကျောက်တန်းတံတား၊ မီးချောင်းတံတား၊ သဲမတံတား၊ နှမဒါတံတားတို့ဟာဆိုရင် အမြဲတမ်း သံကူကွန်ကရစ်တံတားများအဖြစ် ဆောင်ရွက်ပြီးဖြစ်ပြီး ဘွေလီတံတားမှာ ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။ ချင်းပြည်နယ်အပိုင်းမှာဆိုရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပြည်နယ်ရန်ပုံငွေကျပ်(၆၁၁.၃၃၇)သန်းနဲ့ (၁၂)ပေအကျယ် ကတ္တရာလမ်းခင်းခြင်း (၃)မိုင်၊ အမာခံလမ်း ကျောက်လမ်းခင်းခြင်း(၁)မိုင်၊ (၃)ဖာလုံ၊ အုတ်စီရေမြောင်းတည်ဆောက်ခြင်း ပေ(၅၂၀) စတဲ့လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာမှာ လက်ရှိအခြေအနေအရတော့ ကျောက်တော် - ပလက်ဝလမ်း ချင်းပြည်နယ် အပိုင်း (၁၃)မိုင် (၅)ဖာလုံမှာ ရာသီမရွေးသွားလာနိုင်ပြီဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာဆိုရင် (၁၂)ပေအကျယ် ကတ္တရာလမ်းခင်းခြင်း (၁)မိုင်၊ (၅)ဖာလုံ ဆောင်ရွက်ရန် ပြည်နယ်ရန်ပုံငွေကျပ်(၂၉၂.၅)သန်း လျာထားတင်ပြထားပြီးတော့ ကတ္တရာခင်းရန် ကျန်တဲ့ (၉)မိုင်ကိုလည်း လာမယ့်ဘဏ္ဍာနှစ်အတွင်းမှာ ရရှိတဲ့ရန်ပုံငွေအပေါ် မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်တော်-ပလက်ဝလမ်းအပိုင်းရဲ့ ကတ္တရာလမ်းခင်းရန် ကျန်ရှိနေတဲ့ အပိုင်းများအတွက် လက်ရှိလျာထားချက်အရဆိုရင်တော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်း (၂)မိုင်၊ (၅)ဖာလုံ ဆောင်ရွက်ပေးရန် စီစဥ်ထားပါကြောင်းနဲ့ လာမယ့်ဘဏ္ဍာနှစ်များအတွင်းမှာ လျာထား ရန်ပုံငွေ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိတဲ့အပေါ်မှာ မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဦး မှ မေးမြန်းထားတဲ့ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး အဓိကလမ်း ကြောင်းဖြစ်တဲ့ မန္တလေး-မူဆယ်ကားလမ်းမကြီးဟာဆိုရင် လမ်းကြောင်းကြပ်ခြင်း၊ ဆိုးဆိုးဝါးဝါး လမ်းပိတ် ဆို့ခြင်းများ မကြာခဏဖြစ်ပွားခြင်း၊ ယခုလမ်းထက် ခရီးပိုမို သက်သာတိုတောင်းပြီးတော့ စိတ်ချလုံခြုံ အန္တရာယ်ကင်းစွာ သွားလာအသုံးပြုနိုင်တဲ့ တခြားလမ်းကြောင်းအသစ်တစ်ခုကို ဖောက်လုပ်ပေးရန် စီမံ ဆောင်ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဥ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီးဟာဆိုရင် ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲ သောလမ်းဖြစ်ပြီးတော့ (၂၇၆)မိုင်၊ (၃)ဖာလုံ ရှည်လျားပါတယ်။ အဆိုပါလမ်းအား Oriental Highway Co.Ltd မှ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ မန္တလေး-လားရှိုး- မူဆယ် လမ်းမကြီးရဲ့ မိုင်တိုင်(၈/၀) မန္တလေးကနေပြီးတော့ မိုင်တိုင်(၅၅/၁) ဝက်ဝံအထိ (၄၇)မိုင်၊ (၁) ဖာလုံဆိုရင် မန္တလေး တိုင်းဒေသကြီးအပိုင်းမှာ ပါဝင်ပြီးတော့ မိုင်တိုင်(၅၅)ဝက်ဝံကနေပြီးတော့ မိုင်တိုင်(၂၈၄) မူဆယ်အထိ (၂၂၉)မိုင်၊ (၂)ဖာလုံဟာဆိုရင်တော့ ရှမ်းပြည်မြောက်ပိုင်းမှာ ပါဝင်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ဆိုရင် ယာဥ်ကြောပိတ်ဆို့မှု မကြာခဏဖြစ်ပွားလေ့ရှိတဲ့ ပြင်ဦးလွင်-လားရှိုးအပိုင်းရဲ့မိုင်တိုင်(၈၄/၇)နဲ့ မိုင်တိုင်(၈၈/၁)အတွင်းမှာရှိတဲ့ ဂုတ်တွင်းလမ်းအပိုင်းဟာဆိုရင် ယာဥ်သွားလာမှုအရေအတွက် များပြား ခြင်း၊ ဖြတ်သန်းသွားလာတဲ့ မော်တော်ယာဥ်များရဲ့ ကြံ့ခိုင်မှုအားနည်းခြင်း၊ ကုန်တင်ယာဥ်မောင်းအချို့ရဲ့ ကျွမ်းကျင်မှုအားနည်းခြင်းတို့ကြောင့် ယာဥ်ကြောပိတ်ဆို့မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိပါတယ်။ ယခု အခါမှာဆိုရင် ကုန်တင်ယာဥ်ကြီးများ ကြံ့ခိုင်မှုအားနည်းပြီးတော့ တိမ်းမှောက်ခြင်း၊ စက်ချို့ယွင်းခြင်း များဖြစ်ပေါ်ပါက လမ်းပိတ်ဆို့မှုမဖြစ်ပေါ်စေရန် တန်(၅၀) ကရိန်း(၁)စင်း၊ (၂၄)နာရီ အဆင်သင့်ထားရှိ ပြီးတော့ ယာဥ်ထိန်းရဲတပ်ဖွဲ့နှင့် လမ်းပြင်ဆင်ထိန်းသိမ်းခြင်းအဖွဲ့တို့ ပူးပေါင်းပြီးတော့ အလျင်အမြန် ရှင်းလင်းဖယ်ရှားပေးလျက်ရှိတဲ့အပြင် အတက်အဆင်းလမ်းများတွင်လည်း ပြေပြစ်သွားလာနိုင်ရန် အတွက်လည်း လမ်းကွေ့များတွင် နိုင်လွန်ကတ္တရာခင်းခြင်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဒါ့အပြင် ဂုတ်တွင်းလမ်းအပိုင်းမှာဆိုရင် ယာဉ်ကြောပိတ်ဆို့မှုအား ဖြေရှင်းနိုင်ရန်အတွက် နောင်ချိုမြို့ရှောင်ကွင်းလမ်း (၁၃)မိုင်အရှည်နဲ့ ဂုတ်တွင်းတံတားအသစ် (၂၈၅၅)ပေအရှည်အား ဆောင်ရွက်ရန် အသေးစိတ် တိုင်းတာတွက်ချက်လျက်ရှိပြီးတော့ လုပ်ငန်းများပြီးစီးပါက ပြင်ဦးလွင်-လားရှိုးလမ်းအပိုင်းမှာ ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းပြီးတော့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်မှာ ဖြစ်ပါတယ်။ မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီးအား B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ Oriental Highway Co.Ltd မှ (၄၈)ပေအကျယ် (၄)လမ်းသွား ကတ္တရာလမ်းချဲ့ခြင်းနဲ့ နိုင်လွန်ကတ္တရာ ခင်းခြင်းလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်သွားရန် စီမံချက်ရေးဆွဲ လျာထား၍ စတင်ဆောင်ရွက်လျက်လည်းရှိပါတယ်။ လားရှိုး-မူဆယ်လမ်းအပိုင်းမှာဆိုရင် ယာဉ်ကြော ပိတ်ဆို့မှု အများဆုံးဖြစ်ပွားလေ့ရှိတဲ့ ကွတ်ခိုင်-နမ့်ဖက်ကာလမ်းအပိုင်းမှာဆိုရင် လုပ်ငန်းများ စတင် ဆောင်ရွက်ခဲ့သော်လည်းပဲ နယ်မြေလုံခြုံရေးအခြေအနေအရ (၄၈)ပေအကျယ် (၄)လမ်းသွား နိုင်လွန် ကတ္တရာခင်းခြင်းလုပ်ငန်းအစား ပထမအဆင့်အနေနဲ့ လမ်းကျဉ်းသောအတက်အဆင်းနဲ့ ကွေ့နေရာ များမှာဆိုရင် မြေသားလမ်းချဲ့ခြင်း၊ ကတ္တရာလမ်းပျက်စီးနေတဲ့ လမ်းပိုင်းများအား (၃၆)ပေအကျယ် ကတ္တရာလမ်း ပြန်လည်ခင်းခြင်းလုပ်ငန်းများကို ၂၀၁၇ ခုနှစ် မိုးရာသီမတိုင်မီ ပြီးစီးအောင် ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း (၄၈)ပေအကျယ် (၄)လမ်းသွား နိုင်လွန်ကတ္တရာလမ်း ခင်းခြင်းလုပ်ငန်းကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးသွားမှာဖြစ်ရာ လုပ်ငန်းများပြီးစီးပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကုန်မှာဆိုရင် ယာဉ်ကြောပိတ်ဆို့မှုများ လျော့ပါးသွားပြီးတော့ နယ်စပ်ကုန်သွယ်ရေး အတွက် ကုန်စည်စီးဆင်းမှုလည်း ပိုမိုအဆင်ပြေချောမွေ့သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး-လားရှိုး-မူဆယ် လမ်းမကြီးဟာဆိုရင် မဟာဗျူဟာကျတဲ့ စီးပွားရေး စင်္ကြံလမ်းမကြီးဖြစ်တဲ့အတွက် ရေရှည်လုပ်ငန်းတစ်ရပ်အနေနဲ့တော့ နောက်ထပ် လမ်းကြောင်း သစ်တစ်ခုကို ပဏာမ စူးစမ်းရှာဖွေဆောင်ရွက်လျက် ရှိပါတယ်။ ဖြစ်နိုင်ချေရှိတဲ့ လမ်းကြောင်းများကို (၄)လမ်းသွား အမြန်လမ်းမကြီး အဆင့်အနေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံလိုသူများ၊ စိတ်ပါဝင်စားသော လုပ်ငန်းရှင်များနှင့်လည်း အကျိုးတူပူးပေါင်း ပြီးတော့ B.O.T စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ရဲ့ မေးမြန်းထားတဲ့ ချင်းပြည်နယ်အလယ်ပိုင်း ရေဇွာမြို့မှ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့သို့ ဆက်သွယ်ထားတဲ့ ဂန့်ဂေါ-အိုက္ကား-ရေဇွာလမ်းအား ရာသီမရွေး သွားလာနိုင်သော ကတ္တရာ လမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ချင်းပြည်နယ်အလယ်ပိုင်း ရေဇွာကနေပြီးတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့ကို ဆက်သွယ်ထားတဲ့ ဂန့်ဂေါ-အိုက္ကား-ရေဇွာ လမ်းအပိုင်းဟာဆိုရင် ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသော ဂန့်ဂေါ-အိုက္ကားလမ်းနှင့် ပြည်နယ်အစိုးရမှ စီမံခန့်ခွဲသော ဟားခါး-မတူပီလမ်းတို့တွင် ပါဝင်ပြီးတော့

လမ်းအရှည်ဟာဆိုရင်တော့ (၁၁၁)မိုင်ဖြစ်ပါတယ်။ ဂန့်ဂေါ-အိုက္ကားလမ်းဟာဆိုရင် မကွေးတိုင်းအပိုင်းတွင် မိုင်တိုင်(၃/၄)မှ (၁၆/၆)အထိ (၁၃)မိုင်၊ (၂)ဖာလုံ၊ ချင်းပြည်နယ်အပိုင်းမှာဆိုရင် မိုင်တိုင် (၁၆/၆) ကနေ ပြီးတော့ (၇၅/၄)အထိ (၅၈)မိုင်၊ (၆)ဖာလုံရှည်လျားပြီးတော့ ဟားခါး-မတူပီလမ်းပေါ်မှာ ရှိတဲ့ အိုက္ကား-ရေဇွာလမ်းအပိုင်းဟာဆိုရင် မိုင်တိုင်(၆၆/၀)ကနေ(၁၀၅/၀)အထိ (၃၉)မိုင် ရှည်လျားပါတယ်။ ဂန့်ဂေါ-အိုက္ကားလမ်း (မကွေးတိုင်းအပိုင်း)ဟာဆိုရင် (၁၃)မိုင်၊ (၂)ဖာလုံ ရှည်လျားပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာဆိုရင် ပြည်ထောင်စုငွေလုံးငွေရင်း တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် (၁၄၂၈.၉၀)သန်းနဲ့ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း (၅)မိုင်၊ (၅) ဖာလုံ၊ ကီလိုမီတာတိုင်နဲ့ Half ကီလိုမီတာ တိုင်များ စိုက်ထူခြင်း (၄၄)တိုင်၊ ဇီးပြားချောင်းတံတား ချဉ်းကပ်လမ်းအား အမာခံလမ်းခင်းကြိတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ၃၁-၃-၂၀၁၇ ရက်နေ့မှာဆိုရင် လမ်းအခြေအနေကတော့ ကတ္တရာလမ်း (၅)မိုင်၊ (၅) ဖာလုံ၊ အမာခံလမ်း(၇)မိုင်၊ (၅)ဖာလုံရှိမှာ ဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် (၂၁၈.၄၀)သန်း လျာထားတင်ပြ တောင်းခံထားပြီးတော့ လျာထားရန်ပုံငွေ ရရှိပါက ရေထုတ်ပြွန်(၄)စင်း တည်ဆောက်ခြင်းနဲ့ အန်းတားတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ပြောင်းလဲတည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။ ဂျပန်နိုင်ငံ JICA, ODA Loan ချေးငွေ၊ ဆင်းရဲမှုလျော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးမှု စီမံကိန်းအဆင့်(၂)မှာ မကွေးတိုင်းဒေသကြီးအတွင်း ဂန့်ဂေါ-အိုက္ကားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်းအဆင့် အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဂန့်ဂေါ-အိုက္ကားလမ်း ချင်းပြည်နယ်အပိုင်းဟာဆိုရင် (၅၈)မိုင်၊ (၆)ဖာလုံအရှည် ရှိပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာဆိုရင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်(၃၄၅)သန်းနှင့် ကတ္တရာခင်းခြင်း (၂)မိုင်၊ (၁)ဖာလုံအား လုပ်ငန်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ၃၁-၃-၂၀၁၇ ရက်နေ့မှာတော့ ကတ္တရာလမ်း (၆)မိုင်၊ (၁)ဖာလုံ၊ အမာခံလမ်း(၁၄)မိုင်၊ (၂)ဖာလုံနဲ့ မြေလမ်း(၃၈)မိုင်၊ (၃)ဖာလုံ ရှိမည်ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာဆိုရင် ပြည်ထောင်စုငွေလုံးငွေရင်း/ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေနဲ့ ကတ္တရာလမ်းခင်းခြင်း (၃)မိုင်၊ (၆)ဖာလုံ၊ (၁၂)ပေအရှည် သံကူကွန်ကရစ်တံတား (၁)စင်း၊ (၁၈)ပေအရှည် သံကူကွန်ကရစ်တံတား (၁)စင်း၊ (၁၀)ပေအရှည် သံကူကွန်ကရစ်တံတား (၁)စင်း၊ (၅ x ၅ x ၂၈)ပေ Box Culvert (၁)စင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကတ္တရာခင်းရန် ကျန်ရှိတဲ့ (၄၈)မိုင်၊ (၇)ဖာလုံအနက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာဆိုရင် (၁၆)မိုင်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ (၁၆)မိုင်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ (၁၆)မိုင် (၇)ဖာလုံအား အသီးသီး ဆောင်ရွက်ပေးသွားရန် လျာထားပြီး ရန်ပုံငွေများ တင်ပြတောင်းခံ၍ လျာထားရန်ပုံငွေရရှိပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာဆိုရင် ချင်းပြည်နယ်အတွင်း စုစုပေါင်းလမ်းအရှည် (၅၈)မိုင် (၆)ဖာလုံဟာဆိုရင် ကတ္တရာလမ်းအဆင့်သို့ ရောက်ရှိသွားမှာဖြစ်ပါတယ်။

ဟားခါး-မတူပီလမ်းပိုင်းမှာရှိတဲ့ (အိုက္ကား-ရေဇွာအပိုင်း) မိုင်တိုင်(၆၆/၀) ကနေပြီးတော့ (၁၀၅/၀) အထိ (၃၉)မိုင် ရှည်လျားပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ်(၉၀၇)သန်းနဲ့ ကတ္တရာလမ်းခင်းခြင်း (၄)မိုင် (၂)ဖာလုံ၊ ကတ္တရာလမ်းပျက်(၂)ဖာလုံအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ၃၁-၃-၂၀၁၇ ရက်နေ့မှာတော့

လမ်းအခြေအနေဟာဆိုရင် ကတ္တရာလမ်း (၄)မိုင်၊ (၄)ဖာလုံ၊ အမာခံလမ်း(၇)မိုင် (၃.၅)ဖာလုံ၊ မြေလမ်း (၂၇)မိုင် (၀.၅)ဖာလုံရှိမှာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေနဲ့ ကတ္တရာလမ်းခင်းခြင်း (၅)မိုင် (၅)ဖာလုံအား အဆင်မြှင့်တင် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကတ္တရာလမ်းခင်းရန် ကျန်ရှိတဲ့ (၂၈)မိုင်၊ (၇)ဖာလုံကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ရန် လျာထားပြီးတော့ ရန်ပုံငွေ တင်ပြတောင်းခံ၍ လျာထားရန်ပုံငွေ ရရှိပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာဆိုရင် အိုက္ကား-ရေဇွာလမ်းအပိုင်းဟာဆိုရင် ကတ္တရာလမ်းအဆင့်သို့ ရောက်ရှိသွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါ-အိုက္ကား-ရေဇွာလမ်းပိုင်းရဲ့ ကတ္တရာခင်းရန်ကျန်ရှိတဲ့ လမ်းပိုင်းများကိုတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာနှစ်အလိုက် လျာထားရန်ပုံငွေများ တင်ပြတောင်းခံပြီးတော့ လျာထားရန်ပုံငွေ ရရှိပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ဂန့်ဂေါ-အိုက္ကား-ရေဇွာလမ်းအပိုင်းဟာဆိုရင် ကတ္တရာလမ်းအဆင့်သို့ ရောက်ရှိမှာဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လိုရင်းမေး။

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ ပြည်နယ်အစိုးရရဲ့ကိုယ်စား ပြည်ထောင်စုဝန်ကြီး ဖြေသွားတဲ့အထဲမှာ ကျွန်တော်သိလိုတဲ့ အချက်(၂)ချက် မပါ ပါဘူး။ ကျန်နေခဲ့ ပါတယ်။ အဲဒါမေးဖို့ ဖြစ်ပါတယ်။ ပထမအချက်ကတော့ ဆောင်ရွက်ပေးမယ့်ခုနှစ် မပါ ပါဘူး။ ဒုတိယ အချက်ကတော့ နေရာ မပါပါဘူး။ အဲဒီလိုဖြစ်နေပါတယ်။ တကယ်လို့ ခုနှစ်ကို မပါဘူး ဆိုရင် ကျွန်တော်တို့ ဒီ အကောင်အထည်ဖော်သွားဖို့ အချိန်ကာလဟာ တော်တော်အလှမ်းဝေးသွားနိုင်ပါတယ်။ အဲဒါကြောင့် ခုနှစ်တော့ ဖြေပေးဖို့လိုတယ်လို့ ဒီ ပြည်နယ်အစိုးရဖြေတဲ့အခါမှာ အဲဒါမပါလို့ ထောက်ပြ တာပါ။ ဒုတိယအချက်က နေရာ မပါဘူး။ နေရာတောင်မှ လျာထားမှု၊ ရွေးချယ်မှု မရှိသေးဘူးဆိုရင် အဲဒီ ပြည်နယ်အစိုးရဖြေထားတဲ့အဖြေဟာ တော်တော် ပေါ့ပေါ့တန်တန် သဘောထားသလားလို့ ခံစား မိပါတယ်။ ဒီလောက်ပါပဲ။ ကျေးဇူးတင်ပါတယ်။

**ဦးဝင်းခိုင် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြတဲ့အထဲမှာပါတဲ့ ကျွန်တော်တို့ ဒီထဲမှာ ကျွန်တော် အတတ်နိုင်ဆုံး ရှင်းလင်း တင်ပြထားပါတယ်။ လမ်းတွေရဲ့ အကွာအဝေးဟာလည်း တော်တော်လေးများပါတယ်။ နောက်ပြီးတော့ ဒီ မိုင်ပေါင်းတွေလည်း တော်တော်ရှည်လျားပါတယ်။ လက်ရှိအနေအထားမှာဆိုရင်လည်း မြေသားလမ်း သာသာပဲရှိတဲ့လမ်းတွေ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကတော့ အခုလို လျာထားတယ် ဆိုတာ အဓိကကတော့ ကျွန်တော်တို့ဘက်ကတော့ တတ်နိုင်သလောက်တော့ ဒီ ----------

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီး၊ သူမေးတာ။ မြောက်ဦးမြို့အကြောင်း မေးတာ။ လျာထားတယ် ဆိုတာ။ မြောက်ဦး၊ မြောက်ဦး။

**ဦးဝင်းခိုင် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ မြောက်ဦးကတော့ ခင်ဗျား။ ကျွန်တော်သိသလောက်တော့ သူက မြို့ခွဲမယ့်နေရာက လယ်ကွင်းဇေ(၄၀၀၀)လောက်

ကျွန်တော်တို့ ပါရှိနေပါတယ်။ ဆိုတော့ တခြားနေရာလည်း တော်တော်လေး ရှားပါးနေတယ်လို့ သိရတဲ့အတွက် ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ မြို့ချဲ့ဖို့အတွက်ကို ချဲ့တာတော့ ချဲ့ဖို့ လိုအပ်ပါတယ်။ သို့သော် တင်ပြတဲ့အတိုင်းပါပဲ။ အားသာချက်တွေကို ကျွန်တော်တို့ အားနည်းချက်တွေ ဒါကို ကျွန်တော်တို့ ပြန်ကြည့်နေရခြင်းဖြစ်ပါတယ်။ အဓိကကတော့ မြို့ချဲ့ဖို့ လိုအပ်တဲ့မြေဧက (၄၀၀၀) ကျော်ဟာဆိုရင် ဒီ အင်မတန်မှ စိုက်ပျိုးရေးကောင်းတဲ့ ဒီလယ်မြေတွေဖြစ်နေတယ်လို့ ကျွန်တော်တို့ သိရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ ဒီနေရာမှာ ဘယ်နေ့ဆောင်ရွက်မယ်။ ဘယ်လို ရက်အတိအကျ မပေးနိုင်တာ၊ အဲဒီလိုဖြစ်နေခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒါကို ကျွန်တော်တို့ ပြောထားတဲ့အတိုင်းပါပဲ။ အားသာချက်တွေ ရှိသလို တစ်ဖက်ကလည်း ခုန လယ်ယာနဲ့ ပတ်သက်တဲ့ကိစ္စတွေ ရှိနေတဲ့အတွက် ဒါကို ပြည်နယ်အစိုးရအနေနဲ့ ကျွန်တော်တို့ သေသေချာချာလေး စဉ်းစားပြီးမှ ဆောင်ရွက်မယ် ဆိုတဲ့အပိုင်းပါ။ ကျွန်တော်တို့ ဌာနအနေနဲ့ကတော့ ဒါ Plan ထွက်ပြီးသားဖြစ်ပါတယ်။ အဲဒီ Plan ထဲမှာ ခုနက မြေဧက၊ လယ်ဧက(၄၀၀၀)ဆိုတဲ့နေရာ ပါဝင်နေတဲ့အတွက် ဒါကို စနစ်တကျ သေချာဆောင်ရွက်ဖို့ လိုတယ်ဆိုတဲ့အနေအထားလေးရှိကြောင်း တင်ပြလိုပါတယ်။

## ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ခန်းမအတွင်းမှာ ရောက်ရှိနေကြသူများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ဆွေးနွေးမှာက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၀)နဲ့ ၁၈-၁-၂၀၁၆ ရက်နေ့က ပြဋ္ဌာန်းထားခဲ့တာ ဖြစ်ပါတယ်။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ဥပဒေရေးထုံးအရ အားနည်းသောအချက်များကို ပြင်ဆင်ဖြည့်စွက်ဖို့၊ ဝန်ကြီးဌာနအမည်ပြောင်းလဲမှု ပြင်ဆင်ဖို့နဲ့ ဥပဒေအထောက်အကူပေးရေး လုပ်ငန်းများ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်စေရန် ဖြေလျှော့ပြင်ဆင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြင်ဆင်တဲ့ ဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များနဲ့ အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ၂၁-၁၁-၂၀၁၆ ရက်နေ့က ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက

၂၅-၁-၂၀၁၇ ရက်နေ့က ပြင်ဆင်တဲ့ဥပဒေကြမ်းအပေါ် စိစစ်ပြီး အမျိုးသားလွှတ်တော်ကို အစီရင်ခံ တင်ပြခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(က)မှာ ဥပဒေဆိုင်ရာအထောက်အကူဆိုသည်မှာ ဥပဒေဆိုင်ရာအထောက်အကူတောင်းခွင့်ရှိသူများအား ဤ ဥပဒေနှင့်အညီ ရှေ့နေလိုက်ပေးခြင်း၊ ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာအသိပညာပေးခြင်း၊ အကြံ ပေးခြင်း၊ အကူအညီပေးခြင်းနဲ့ သတင်းအချက်အလက်ပေးခြင်းတို့ကို ဆိုသည်လို့ ရှေ့နေလိုက်ပေးခြင်း ဆိုတာကို ဖြည့်စွက်လိုပါတယ်။ ဒီလို ဖြည့်စွက်လိုက်ခြင်းအားဖြင့် ပုဒ်မ ၂ ရဲ့ ပုဒ်မခွဲ(င)(စ)(ဆ)တို့နဲ့ ညီညွတ်သွားမှာဖြစ်ပါတယ်။ နောက်တစ်ခုက ပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ) ကို ဥပဒေဆိုင်ရာ အထောက်အကူ ပေးသည့် ရှေ့နေဆိုသည်မှာ ဥပဒေဆိုင်ရာ အကူအညီပေးရန် ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့တွင် ဆောင်ရွက်သောရှေ့နေ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က တာဝန်ပေးအပ် သည့်ရှေ့နေကို ဆိုလိုသည်လို့ ထားရှိပြီး ပြဋ္ဌာန်းချက်မှာ ပါရှိတဲ့ သို့မဟုတ် ငှားရမ်းတဲ့ရှေ့နေ ဆိုတာကို ပယ်ဖျက်လိုပါတယ်။ အခကြေးငွေနဲ့ ငှားရမ်းလို့ အမှုလိုက်ပါဆောင်ရွက်တဲ့ရှေ့နေကို ဥပဒေဆိုင်ရာ အထောက်အကူပေးတဲ့ ရှေ့နေအဖြစ်နဲ့ မသတ်မှတ်သင့်လို့ပဲ ဖြစ်ပါတယ်။

ဒါကတော့ ပုဒ်မ ၂ မှာ ကျွန်တော် ဖြည့်စွက်လိုတာနဲ့ ပယ်ဖျက်လိုတာတွေ ဖြစ်ပါတယ်။ ပုဒ်မ ၂ မှာပဲ ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ပုဒ်မခွဲ(ဂ)နဲ့ ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီရဲ့ လေ့လာ တွေ့ရှိသည့်အတိုင်း ကျွန်တော်တို့လည်း သဘောတူပါတယ်။ နောက်တစ်ခုက ပုဒ်မ ၅၊ ပုဒ်မခွဲ(ဇ) မှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအစား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လို့ ပြင်ဆင်ပေးရမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနအမည် ကျွန်တော်တို့ ပြောင်းလဲထားလို့ ဖြစ်ပါတယ်။ နောက် တစ်ခုက ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)ကို ကျွန်တော်တို့ ဖြုတ်သင့်ပါတယ်။ ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသည့်ပြစ်မှုများကို ကန့်သတ်ရန် မလိုအပ်လို့ဖြစ်ပါတယ်။ ပုဒ်မခွဲ(ဇ) မှာပါတဲ့ ပြစ်မှု အမျိုးအစားများသာ ဖြစ်နေလို့လည်းဖြစ်ပါတယ်။ ပုဒ်မခွဲ(ဇ) ကိုလည်း ပြစ်မှုများနှင့်သက်ဆိုင်သည့် မူလမှု၊ ပြင်ဆင်မှု၊ အယူခံမှုနဲ့ အထွေထွေလျှောက်ထားမှုများတွင် ဥပဒေဆိုင်ရာ အကူအညီတောင်းခံခွင့် ရှိသူများအား ကူညီဆောင်ရွက်ခြင်းဆိုပြီး မူလမှုဆိုတာကို ကျွန်တော်တို့ ဖြည့်စွက်လိုပါတယ်။ နောက် တစ်ခုက ပုဒ်မ ၇ မှာ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် လိုအပ်ပါက (၃)ဦးထက်မပိုသော အကြံပေးပုဂ္ဂိုလ်များကို ခန့်ထားနိုင်သည်။ ထိုပုဂ္ဂိုလ်များကို အစည်းအဝေးသို့ ပါဝင်တက်ရောက်ခွင့် ပြုနိုင်သော်လည်း မဲပေးခွင့် မပြုရဆိုတဲ့ ပြဋ္ဌာန်းချက်မှာ အစည်းအဝေးသို့သာ တက်ရောက်ခွင့်ရှိသည် လို့ပဲ ပြုပြင်ပြီးတော့ ပြုနိုင်သော်လည်း မဲပေးခွင့် မပြုရဆိုတာကို ကျွန်တော်တို့ ပယ်ဖျက်သင့်ပါတယ်။

ပုဒ်မ ၅ အရ ပြည်ထောင်စုဥပဒေ အထောက်အကူပေးရေးအဖွဲ့ရဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ အဖွဲ့ဝင်များကို ဥပဒေမှာကိုက သတ်မှတ်ပေးပြီးသားဖြစ်လို့ မဲပေးရွေးချယ်ဖို့မလိုအပ်တော့တဲ့အတွက် ဖြစ်ပါတယ်။ နောက်တစ်ခုက ပုဒ်မ ၁၁၊ ပုဒ်မခွဲ(င)မှာ ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိ ပညာပေးမှုများကို အများပြည်သူတို့အတွင်း နေရာမှာ ပြည်သူလူထုအတွင်း ဆိုပြီးတော့ ပြန့်ပွားစေရန် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလို့ ပြင်ဆင်သင့်ပါတယ်။ စာကြောင်း

အဓိပ္ပာယ် ပိုမိုချောမွေ့စေမှာလည်း ဖြစ်ပါတယ်။ ဥပဒေရဲ့ အခန်း(၁၀) ခေါင်းစဉ်ကို ဥပဒေဆိုင်ရာ အထောက်အကူပေးသူအဖြစ် သို့မဟုတ် အသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် လျှောက်ထားခြင်းနှင့် တာဝန်ပေးအပ်ခြင်း ဆိုပြီးတော့ အဖြစ် ဆိုတဲ့ စကားရပ်ကို ထည့်သွင်းသင့်ပါတယ်။ ဒီလိုထည့်မှ ပုဒ်မ ၂၀၊ ၂၁၊ ၂၂၊ ၂၃ နဲ့ ၂၄ တို့နဲ့ ဆီလျော်ညီညွတ်စေမှာဖြစ်ပါတယ်။ နောက်တစ်ခုက ပုဒ်မ ၂၅ ရဲ့ ခြေဆင်းကို ဥပဒေဆိုင်ရာ အထောက်အကူပေးသူနှင့် အဖွဲ့သည် ထိန်းသိမ်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်း ခံရသူနှင့်ပတ်သက်၍လို့ ဖြည့်စွက် ပြင်ဆင်သင့်ပါတယ်။ အထောက်အကူပေးသူက တစ်ဦးတည်း မဟုတ်ဘဲနဲ့ ကျွန်တော်တို့ အဖွဲ့ပါဆိုရင် အဖွဲ့ပါ ပါဝင်သင့်သလိုပဲ ပုဒ်မ ၃၂ နဲ့လည်း လိုက်လျောညီထွေ ရှိသွားမှာဖြစ်ပါတယ်။

နောက်တစ်ခုက ပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)မှာ နိုင်ငံခြားသားဖြစ်နေရင် ဥပဒေဆိုင်ရာ အထောက် အကူရရှိနိုင်ကြောင်း စကားပြန်မှတစ်ဆင့် ရှင်းလင်းပြောကြားခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ ကောင်စစ်ဝန်ရုံးသို့ နှောင့်နှေးမှုမရှိဘဲ အကြောင်းကြားရမည် ဆိုတဲ့နေရာမှာ အကြောင်း ကြားခြင်း ပြုရမည်လို့ ဖြည့်စွက်သင့်ပါတယ်။ စကားအသုံးအနှုန်း ပိုမိုပြေပြစ် ချောမွေ့စေဖို့ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အထက်က ကျွန်တော် ဆွေးနွေးတင်ပြခဲ့တဲ့အချက်များကို ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေး ဥပဒေ ပြင်ဆင်တဲ့ ဥပဒေကြမ်းမှာ ထည့်သွင်းပြီးတော့ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့ ပြုလုပ်စေ သင့်ကြောင်း လွှတ်တော်သို့ တင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။**　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေး အပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေနံ လက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဒေါ်နွယ်နွယ်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးအပ်ချက်အရ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းဆိုင်ရာ အစီရင်ခံစာကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ (ကော်မတီ-၁) ၁/ ၂၀၁၇ - ၀၄၅
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

၁။ ပြည်သူ့လွှတ်တော်က ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး ၂၁ - ၁၁ -၂၀၁၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဲဒီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၂၆-၁-၂၀၁၇ ရက်နေ့တွင် (၁)ကြိမ်၊ ၆-၂ -၂၀၁၇ ရက်နေ့တို့တွင် (၁)ကြိမ်၊ စုစုပေါင်း(၂)ကြိမ် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို လေ့လာစိစစ်ရာမှာ အောက်ပါအတိုင်း တွေ့ရှိရပါတယ် -

(က) ခေတ်စနစ်နှင့် လျော်ညီမှုရှိစေရန်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် လက်အားဖြင့်သာမက စက်အားကိုပါ ထည့်သွင်း ဖော်ပြထားတဲ့အတွက် ဥပဒေကြမ်းအမည်ကို ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ ဆိုတဲ့အမည်အစား ရေနံတွင်းတိမ် တူးဖော်ခြင်းဆိုင်ရာ ဥပဒေ ဆိုတဲ့အမည်နဲ့ ပြောင်းလဲ ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိခဲ့ပါတယ်။

(ခ) ဘူမိဗေဒဆိုင်ရာ သတ်မှတ်ချက်များအရ အနက်ပေ(၁၀၀၀)အထိသာ သတ်မှတ်ထားသော်လည်းပဲ လက်တွေ့ မြေပြင်အခြေအနေတွင် ပြည်သူများရဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးမှုမရှိစေဖို့အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ) တွင် ပါရှိသော အနက်ပေ(၁၀၀၀)ထက်မပိုသော ဆိုသည့်

စကားရပ်ကို အနက်ပေ(၁၂၀၀)ထက်မပိုသော ဆိုသည့်စကားရပ်ဖြင့် အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ဂ) မြန်မာစာအရေးအသား မှန်ကန်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အပိုဒ် ၁၅၊ အပိုဒ်ခွဲ(င) တွင် ပါရှိသော ညွှန်ကြားခြင်း၊ စိစစ်ခြင်း၊ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း ဆိုတဲ့စကားရပ်အစား ညွှန်ကြားခြင်း၊ စိစစ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းဆိုတဲ့ စကားရပ်ဖြင့်လည်းကောင်း၊ ကြီးကြပ်ဆောင်ရွက်ရာတွင် တပြေးညီဆောင်ရွက်နိုင်စေရန်အတွက် အပိုဒ် ၂၅ မှာပါရှိတဲ့ စကားရပ်များအစား ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် ဆောင်ရွက်ချက်များဖြစ်သည့် လက်ဝါးကြီးအုပ် လုပ်ကိုင်ဆောင်ရွက်ခြင်းများ မပေါ်ပေါက်စေရန် ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဆိုတဲ့ စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေဖို့အတွက် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အပိုဒ် ၁၈၊ အပိုဒ်ခွဲ(ဂ) တွင် ဖော်ပြထားသော စကားရပ်များရဲ့နောက်မှာ ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည် ဆိုသည့်စကားရပ်ဖြင့် ဖြည့်စွက်၍လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ခေတ်ကာလနှင့် လျော်ညီမှုရှိစေရန် ဥပဒေကြမ်းအမည် ပြင်ဆင်ခြင်းအတွက် ဥပဒေကြမ်းတစ်ရပ်လုံးမှာပါရှိတဲ့ ရေနံလက်ယက်တွင်းနှင့် လက်ယက်တွင်း ဆိုတဲ့ စကားရပ်တိုင်းကို ရေနံတွင်းတိမ်ဆိုတဲ့ စကားရပ်ဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနရဲ့ လုပ်ပိုင်ခွင့်အရ စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်ဟာ တရားရုံးများမှ ချမှတ်တဲ့ ပြစ်ဒဏ်များနှင့် တူညီခြင်းမရှိသဖြင့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်နှင့် သက်ဆိုင်တဲ့နေရာများတွင် ပြစ်ဒဏ်လို့ ဖော်ပြထားသည့် စကားရပ်များအစား စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်ဟု အသီးသီး ပြောင်းလဲ ပြင်ဆင်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် တွေ့ဆုံ ညှိနှိုင်း ဆွေးနွေးပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံစာကို တင်သွင်းအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေနံလက်ယက်တွင်း ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၇-၂-၂၀၁၇ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဌမနေ့ ရပ်နားကြောင်းနှင့် နဝမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဌမနေ့ကို ရပ်နား ပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဌမနေ့ကို ၁၁း၀၄ နာရီအချိန်တွင် ရပ်နားပါသည်။]